## ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကမ္ဘာမြေပေါ်တွင် တန်ခိုးအကြီးမားဆုံး

**ဓါး**စွမ်းထက် ကလောင်စွမ်းက ပိုထက်သည်။ ဘုရားသခင်ကို ကြောက်ရွံ့ရိုသေသော ယောကျ်ားမိန်းမများက အင်ပါယာကြီးများကို အုပ်ချုပ်ခဲ့ရသည့် အဖြစ်ကို ကြုံခဲ့လှသည်။ သို့သော်လည်း ၎င်းတို့က များစွာသော ယောကျ်ား မိန်းမများ ကိုမိမိတို့၏ စကားများ၊ ယုံကြည်ခြင်းနှင့် ပုံသက်သေ စံနမူနာဖြင့် အောင်နိုင်ခဲ့ကြ ပြီဖြစ်သည်။ ဘုရားသခင်၏ ပရောဖက်ကြီးများနှင့် သတင်းစေတမန်များ စကားများက ခေတ်အဆက်ဆက်ကို ကျော်ဖြတ်ခဲ့ပြီး ကမ္ဘာတဝှမ်းသိမ်းကျုံး တိုက်ခတ်သွားလျက် တိုင်းနိုင်ငံများ၏ လမ်းကြောင်းတို့ကို ဖမ်းစားခဲ့ပြီး ၎င်းတို့အား ထာဝရလွတ်လပ်စေခဲ့သည်။ သခင်ယေရှုအားဖြင့် အသက်နှင့်ချစ်ခြင်းမေတ္တာဆိုင်ရာ ၎င်းတို့၏ သတင်းစကားများက ဘုရားသခင်နိုင်ငံတော်အတွက် မရေမတွက်နိုင်လောက်အောင် သန်းပေါင်းများစွာသော သူတို့ကို ရယူပေးခဲ့ရာတွင် ထိုနိုင်ငံကလူတို့၏ ဓါးစွမ်းဖြင့် တည်ဆောက်သော သာမန် လောကီအင်ပါယာများထက် ပို၍ကြီးမြတ်သော ပို၍တာရှည်ခံသော ပို၍ပျော်ရွှင်ကြည် နူးစရာကောင်းသော နိုင်ငံပင်ဖြစ်သည်။ သူတို့၏စကားများက သန်းပေါင်းများစွာသော သူတို့အား ၎င်းတို့၏ မျှော်လင့်ချက်ကင်းမဲ့ပြီး ခရစ်တော်ကင်းမဲ့သည့် သင်္ချိုင်းဂူများထဲမှ ကယ်တင်လျက်ဘုရားရှင်၏ ချစ်ခြင်းမေတ္တာအတွက် သေလုမြောပါးဖြစ်နေသော ကမ္ဘာ ကြီးအား သူ၏မေတ္တာကိုပေးခဲ့သည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်သည် လူတို့စုစည်းရရှိနိုင်သမျှ မည်သည့်အရာ များထက်မဆို အလွန်တရာသာလွန်ကောင်း မွန်ကြီးမြတ်ပြီး ယင်းက နှလုံးသားများကို ပြောင်းလဲနိုင်သည်။ မည်သို့သောအနုမြူဗုံးမဆို ထိုအရာကို မလုပ်နိုင်။ ယင်းက စိတ် အစဉ်ကို ပြောင်းလဲစေနိုင်သည်။ မည်မျှလောက်သော ကျဉ်ဆံအရေအတွက်ကမျှ ဤအရာ ကိုလုပ်နိုင်ခဲ့ခြင်းမရှိ။ နှုတ်ကပတ်တော်က လူတို့၏ဘဝ အသက်တာကို ချစ်ခြင်းမေတ္တာနှင့် စစ်မှန်သော ရည်ရွယ်ချက်တို့နှင့် ပြည့်ဝစေသည်ဖြစ်ရာ ၎င်းကို မည်သို့သောအောင်နိုင် သည့်စစ်တပ်ကြီးမျှ မလုပ်ဆောင်နိုင်ခဲ့။ ဘုရားသခင်၏ နှုတ်ထွက်စကားများက အသက် နှင့်ဝိညာဉ်ပင်ဖြစ်သည်။ (ယော ၆း၆၃) အခြားမည်သည့် အရာက ထိုသို့လုပ်ဆောင် နိုင်ကြောင်း သက်သေပြ တောင်းဆိုနိုင်မည်နည်း? ဘုရားသခင်၏ နှုတ်ကပတ်တော်က ဤမျှပင် အစွမ်းတန်ခိုး ကြီးမားလှပါသည်။